Panasonic®

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) အိုင်းရှင်းဘီး

Model No. EH-HE10



# Panasonic

# အသုံးပြုပုံလမ်းညွှန်
## (အိမ်သုံး) အိုင်းရှင်းဘီး
Model No. EH-HE10

## အကြောင်းအရာ


| | |
|---|---|
| **ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်** | **4** |
| အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း | 8 |
| ဘီးစိပ်ဘာရပ်ချ်ဖယ်ရှားခြင်းနှင့် တပ်ဆင်ခြင်း | 8 |
| ဘက်ထရီတပ်ဆင်ခြင်းနှင့်ဖယ်ရှားခြင်း | 9 |
| အိုင်းရှင်းဘာရပ်ချ်အသုံးပြုပုံ | 9 |
| အိုင်းရှင်းဘာရပ်ချ်အားအသင့်လျော်ဆုံးအသုံးပြုပုံ | 10 |
| အိုင်းရှင်း၏အကြောင်း | 10 |
| ထိန်းသိမ်းပြုပြင်ခြင်း | 11 |
| ခွဲခြားဖော်ပြပေးခြင်း | 12 |


Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

**ဤစက်ပစ္စည်းအားအသုံးမပြုမီ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။**

# ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

လျှပ်စစ်မီးရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မီးလောင်ခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်းနှင့် အိမ်ရာအဆောက်အဦပျက်စီးခြင်းတို့မှ ကာကွယ်နိုင်ရန် အောက်ပါ သတိပေးချက်များကို အမြဲလိုက်နာဆောင်ရွက်ပါ။

## သင်္ကေတများ၏အဓိပ္ပါယ်

အောက်ပါသင်္ကေတများသည် စက်ပစ္စည်းအညွှန်းအတိုင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုခြင်းကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ ထိခိုက်ဒဏ်ရာရနိုင်ခြင်းနှင့် အဆောက်အဦပျက်စီးနိုင်ခြင်း အဆင့်ဆင့်တို့ကို ခွဲခြားဖော်ပြပေးထားပါသည်။

| | |
|---|---|
| ⚠ **WARNING** | ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။ |
| ⚠ **CAUTION** | ဒဏ်ရာအသေးအမွှားရခြင်း သို့မဟုတ် အရာဝတ္ထုပျက်စီးခြင်းကိုဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကို သတိပေးသည်။ |

အောက်ပါသင်္ကေတများသည် လိုက်နာရမည့်ညွှန်ကြားချက်များကို ခွဲခြားဖော်ပြပေးသည်။

| | |
|---|---|
|  | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ရန် တားမြစ်ကြောင်း ဖော်ပြပါသည်။ |
|  | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ဘေးကင်းစွာပြုလုပ်နိုင်ရန် အချက်ပြပေးသည်။ |

ဤဘေးကင်းလုံခြုံမှုသတိပေးချက် ပုံဖော်ပြသခြင်းများသည် ကိရိယာတစ်ခုနှင့်တစ်ခုကြားတွင် ကွဲပြားနိုင်ပါသည်။

# ⚠ WARNING

▶ **ဤစက်ကိရိယာကို**

**မည်သည့်အခါမျှ ပြင်ဆင်မွမ်းမံခြင်း၊ အစိတ်အပိုင်းများဖြုတ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းမပြုလုပ်ရပါ။**

– ထိုသို့ပြုလုပ်ခဲ့ပါလျှင် ပုံမှန်လည်ပတ်မှုကို ချို့ယွင်းစေပြီး ထိခိုက်ဒဏ်ရာရခြင်းကို ဖြစ်စေနိုင်ပါသည်။
ပြုပြင်လိုပါက တရားဝင်ဝန်ဆောင်မှုစင်တာသို့ဆက်သွယ်ပါ။

---

**ရေစိုလက်ဖြင့်စက်ကိရိယာကို မကိုင်တွယ်ပါနှင့်။**

– ထိုသို့ပြုမိခြင်းသည် လျှပ်စစ်စီးကြောင်းအားဖြင့် ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်ခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

**စက်ကိရိယာကို ရေချိုးခန်း သို့မဟုတ် စိုထိုင်းမှုများသောနေရာတွင် မသိမ်းဆည်းပါနှင့်။ ရေဖိတ်စင်နိုင်သောနေရာ(လက်ဆေးကန်များ)တွင် မထားပါနှင့်။**

– ထိုသို့ပြုမိခြင်းသည် လျှပ်စစ်ဓာတ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

**စက်ကိရိယာကို ခြောက်သွေ့စွာ သိမ်းဆည်းပါ။**

---

ဘယ်ဘက်ရှိသင်္ကေတ၏အဓိပ္ပါယ်မှာ "စက်ကိရိယာကို ရေဖြင့်မဆေးကြောပါနှင့်" ဖြစ်ပါသည်။

---

**ပင်အပ်များသို့မဟုတ် ပြင်ပအရာဝတ္ထုများဖြင့် အိုင်းရှင်းဘရပ်ကြားကိုပိတ်ဆို့ခြင်း ထည့်သွင်းခြင်းများ မပြုလုပ်ပါနှင့်။**

– ထိုသို့ပြုမိခြင်းသည် လျှပ်စစ်ဓာတ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း သို့မဟုတ် မီးကျွမ်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

**မီးလောင်မှုကိုအားပေးသော အရာဝတ္ထုများနှင့်နီးကပ်စွာ အသုံးမပြုပါနှင့်။**

**(ဥပမာ – အရက်၊ အရက်ပြန်၊ တင်နာ၊ စပရေး၊ ဆံပင်အားဆေးများ၊ လက်သည်းဖျက်ဆေး)**

– ထိုသို့ပြုမိခြင်းသည် မီးတောက်လောင်မှုကို ဖြစ်စေနိုင်ပါသည်။

---

**အလှကုန်ပစ္စည်းများဖြစ်သော ဆံပင်ပေါင်းဆေး၊ ဆံပင်လိမ်းဆေးနှင့်ခေါင်းလိမ်းဆီတို့ကို စက်ကိရိယာပေါ်သို့ တိုက်ရိုက်မဖိတ်စင်ပါစေနှင့်၊ သို့မဟုတ် ၎င်းအား ခေါင်းလျှော်စက်အဖြစ်အသုံးမပြုပါနှင့်။**

– ထိုသို့ပြုမိခြင်းသည် လျှပ်စစ်ဓာတ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

## ⚠ WARNING

**ဤစက်ကိရိယာကို ကလေးများအပါအဝင် ခန္ဓာကိုယ်ချို့ယွင်းသူများ၊ အာရုံခံစားမှု ချို့ယွင်းသူများ၊ စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများ သို့မဟုတ် စက်ကိရိယာအကြောင်း မသိသူတို့သည် ၎င်းစက်ရိယာအားအသုံးပြုရန် အုပ်ထိန်းသူတစ်ရှုးရှုးမှ သင်ကြားပေးထားခြင်းမရှိဘဲ အသုံးမပြုရပါ။ စက်ကိရိယာအား ကလေးများ ဆော့ကစားခြင်းမှ ရှောင်ရှားနိုင်ရန် ဂရုတစိုက်ကြည့်ရှုပေးရမည်။**

- ဤသို့မဟုတ်ပါက မတော်တဆထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

---

**▶ ပုံမှန်လည်ပတ်မှုမဟုတ်ဘဲချို့ယွင်းချက်ရှိနေလျှင်**

**ပုံမှန်လည်ပတ်မှုမျိုးမဟုတ်ဘဲ ချို့ယွင်းချက်ဖြစ်ပေါ်နေပါက အသုံးပြုခြင်းမှ ချက်ချင်းရပ်ဆိုင်းပါ။**

- ဤသို့မဟုတ်ပါက ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မီးလောင်ခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

**▶ မတော်တဆဖြစ်ခြင်းမှ ကာကွယ်ခြင်း**

**ကလေးများကိုင်တွယ်ထိတွေ့နိုင်သောနေရာတွင် မထားပါနှင့်။ သူတို့အား အသုံးမပြုစေပါနှင့်။**

- အစိတ်အပိုင်းများ သို့မဟုတ် အပိုပစ္စည်းများကို ပါးစပ်ထဲထည့်မိပါက မတော်တဆ သို့မဟုတ် ဒဏ်ရာရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

## ⚠ CAUTION

**▶ ဤစက်ကိရိယာကို**

**လွှတ်မကျစေနှင့် သို့မဟုတ် ရှော့ခ်ဖြစ်စေသောအရာများနှင့်မထိစေနှင့်။**

- ထိုသို့ပြုမိခြင်းသည် ထိခိုက်ဒဏ်ရာရခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။

---

**ဤစက်ကိရိယာကို ဆံပင်ညှပ်ခြင်းမှလွဲ၍ အခြားအရာများအတွက် ဘယ်သည့်အခါမှအသုံးမပြုပါနှင့်။ အိမ်မွေးတိရိစ္ဆာန်များနှင့်လည်း အသုံးမပြုပါနှင့်။**

- ထိုသို့ပြုမိခြင်းသည် ထိခိုက်ဒဏ်ရာရခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

# ⚠ CAUTION

► ဘက်ထရီ

**မီးနှင့်မထိပါစေနှင့်။ မဖြုတ်ပါနှင့်။**
**အားအဝင်ငုပ်တိုင်များကို လျှပ်စစ်မစီးပါစေနှင့်။**

- ထိုသို့ပြုမိခြင်းသည် မီးလောင်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။


---

**ဘက်ထရီတွင်ရိုက်နှိပ်ထားသော ကြိုတင်သတိပေးချက်များကို အမြဲတမ်းလိုက်နာပါ။ ဘက်ထရီ၏လားရာ (အဖို/အမ) ကို စစ်ဆေးပြီး မှန်ကန်စွာတပ်ဆင်ပါ။ ဘက်ထရီကို အားမသွင်းတော့သည့်အခါ ချက်ချင်းဖြုတ်ထားပြီး ဘေးကင်းစွာသိမ်းဆည်းထားပါ။ အချိန်ကာလတစ်ခုအထိ စက်ကိရိယာအားအသုံးမပြုပါက ဘက်ထရီကို ဖြုတ်ထားပါ။ ကျေးဇူးပြု၍ သတ်မှတ်ပေးထားသောနေ့ရက်အတိုင်း ဘက်ထရီကို အသုံးပြုပါ။ ပြန်လည်အားသွင်း၍မရသော ဘက်ထရီများကို အားမသွင်းပါနှင့်။**


- ဤသို့မဟုတ်ပါက ဘက်ထရီအပူများပြီး ပေါက်ကွဲခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ယိုစိမ့်မှုကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

---

## အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း




ရှေ့ဖက်





နောက်ဖက်

- Ⓐ အိုင်းရှင်းမျက်နှာပြင်
- Ⓑ ဘီးအဖွင့်အပိတ်ခလုတ်
- Ⓒ ဘီး
- Ⓓ ဘီးအောက်ခံပြား
- Ⓔ မီးလုံး
- Ⓕ ပါဝါခလုပ်
- Ⓖ ဘက်ထရီအဖုံး
- Ⓗ အကာအကွယ်အဖုံး

## ဘီးစိပ်ဘရပ်ချ်ဖယ်ရှားခြင်းနှင့်တပ်ဆင်ခြင်း


**ဖယ်ရှားခြင်း**

ပုံတွင်ဖော်ပြထားသည့်အတိုင်း ဘရပ်ချပ်အောက်ခံပြား (Ⓓ)ကို ဖယ်ရှားရန် ဘီးအပိတ်ခလုတ် (Ⓑ) ကို အိုင်းရှင်းမျက်နှာပြင် ဆီသို့ တွန်းလိုက်ပြီး ဘရပ်အောက်ခံပြားကိုကြွစေပြီး ဖယ်ရှားလိုက်ပါ။




**တပ်ဆင်ခြင်း**

ပုံတွင်ဖော်ပြထားသည့်အတိုင်း ဘရပ်ချ်အောက်ခံပြားအနိမ့်ပိုင်းကို စတင်ချိတ်ဆက်ပြီး အောက်ခြေကိုယ်ထည်မှ "ကလစ်" ဟူသော အသံကြားသည်အထိရွေ့လျားချိတ်ဆက်ပေးရမည်။ ထိုသို့ကြားမှ သာလျှင် ဘရပ်ချပ်အောက်ခံပြားသည် ထိမိစွာတပ်ဆင်ပြီးသွားသည်။




# ဘက်ထရီတပ်ဆင်ခြင်းနှင့်ဖယ်ရှားခြင်း

**ဘက်ထရီအဖုံးကိုမဖြုတ်မီ ပါဝါမီးပိတ်ထားကြောင်းစစ်ဆေးပါ။**


**တပ်ဆင်ခြင်း**

၁။ ဘက်ထရီအဖုံးကိုဖြုတ်ပါ။




၂။ LR03 (AAA Alkaline ဘက်ထရီ) တစ်လုံးတပ်ဆင်ပါ။
- အဖို့အမ မှန်ကန်စွာတပ်ဆင်ပါ(+/-)


၃။ ဘက်ထရီအဖုံးကိုတပ်ဆင်ပါ။
- ပုံတွင်ဖော်ပြထားသည့်အတိုင်း အဖုံးကိုက လစ်ချိတ်မိသည်အထိ သေချာစွာတပ်ဆင်ပါ။




**ဖယ်ရှားခြင်း**

၁။ ဘက်ထရီ၏အဖို(+)ဘက်ကိုဖိပါ။

၂။ ဘက်ထရီ၏အမ(-)ဘက်ခြမ်းကြွလာလျှင် ဘက်ထရီကိုဖယ်ရှားလိုက်ပါ။



မှတ်သားရန် -
- Panasonic LR03 (AAA Alkaline) ဘက်ထရီတပ်ဆင်အသုံးပြုပါက ဤစက်ကိရိယာကို ၂ပတ်အကြာ အသုံးပြုနိုင်ပါသည်။ (တစ်နေ့လျှင် ၅ မိနစ်)
- LR03 (AAA Alkaline) ဘက်ထရီကိုသာ အသုံးပြုပါ။
- ကျေးဇူးပြု၍ အသုံးပြုပြီးသားဘက်ထရီများကို စနစ်တကျစွန့်ပစ်ပါ။

# အိုင်းရှင်းဘီးအသုံးပြုပုံ


၁။ အကာအကွယ်အဖုံး (H) ကိုဖယ်ရှားပါ။

၂။ ပါဝါခလုတ် (F) ကိုရွှေ့လိုက်ပြီး ပါဝါဖွင့်ပါ။
မီးလုံး (E) လင်းလာပါလိမ့်မည်။

၃။ စက်ကိုယ်ထည်ကိုလက်ဖြင့်ကိုင်ပြီး ဆံပင်ကိုဖီးပါ။

၄။ ပါဝါခလုတ် (F) ကိုရွှေ့လိုက်ပြီး ပါဝါပိတ်ပါ။
မီးလုံး (E) မှိတ်သွားပါမည်။

၅။ အကာအကွယ်အဖုံးကိုတပ်ဆင်ပါ။



## အိုင်းရှင်းအားအသင့်လျော်ဆုံးအသုံးပြုပုံ

ဆံပင်အရင်းမှ ညင်သာစွာဖီးပါ။



- အလယ်အလတ်နှင့်ရှည်သောဆံပင်များအတွက် ၃ မိနစ်ကြာ ဖီးခြင်းသည်အကောင်းဆုံးဖြစ်ပါသည်။
- လိုအပ်သည်ထက်ပို၍ဖီးပါက ဆံပင်ကို ပြားချပ်စေပါသည်။

မှတ်သားရန် -
- စက်ကိုဖွင့်ထားစဉ် အနံ့တစ်မျိုးရမည်ဖြစ်ပြီး ၎င်းအနံ့သည်လူကိုမထိခိုက်စေပါ။
- အိုင်းရှင်းကို နေပူတွင် ကြာမြင့်စွာမထားပါနှင့်။ ခရမ်းလွန်ရောင်ခြည်များသည် ဘီးအောက်ခံပြားကို လျော့ရွဲစေပြီးပျက်စီးလွယ်စေပါသည်။
- ဘီးကို ဆံပင်ခြောက်စက်ဖြင့်ကြာမြင့်စွာ မမှုတ်ပါနှင့်။ မြင့်မားသော အပူဒဏ်ကြောင့် ဘီးကိုပျက်စီးစေနိုင်ပါသည်။

## အိုင်းရှင်း၏အကြောင်း

အိုင်းရှင်းသည် အမဓာတ်အားရှိသော အောက်ဆီဂျင်နှင့် လေထုအတွင်းရှိရေငွေ့များကို ပေါင်းစည်းပေးသော အမှုန်များဖြစ်ပြီး သာမန်မျက်စိဖြင့် မမြင်ရပေ။
(Ion generation method: မြင့်မားသောဗို့အားများကိုထုတ်လွှတ်)

**▶ မှတ်သားရန်**
- ဤစက်ကိရိယာကိုအသုံးပြုနေစဉ် အနံ့တစ်မျိုးကိုခံစားရမည်ဖြစ်ပါသည်။ ၎င်းအနံ့သည် လူကိုထိခိုက်မှုမဖြစ်စေပါ။
- အိုင်းရှင်း၏သက်ရောက်မှုကို အောက်ပါလူပုဂ္ဂိုလ်များ ခံစားသိရှိနိုင်မည်မဟုတ်ပါ။ ဆံပင်ကောက်သူများ၊ သို့မဟုတ် လွန်ခဲ့သော ၃ လ၊ ၄ လ ခန့်တွင် ဆံပင်အကြေကောက်လုပ်ထားသူများဖြစ်ပါသည်။

# ထိန်းသိမ်းပြုပြင်ခြင်း

သန့်စင်သောနည်းလမ်း ၂ မျိုးရှိပါသည်။

၁။ အဝတ်စိုဖြင့်သုတ်ခြင်း

- ဘီးကို သန့်စင်သောအဝတ်စိုဖြင့်သုတ်ပေးပါ။ ဝါဂွမ်းကိုရေစွတ်ကာ ဘရပ်ချ်များသန့်စင်သွားသည်အထိ သုတ်ပေးပြီး အရိပ်အောက်တွင် အခြောက်ခံရပါမည်။


၂။ ရေဖြင့်မှန်ကန်စွာပွတ်သပ်သောနည်းလမ်း

- ကိုယ်ထည်ကို ရေဖြင့်ဆေးကြော၍မရပါ။
- ဘရပ်ချ်ပြားကို အောက်တွင်ပြထားပေးသည့်အတိုင်း ရေဖြင့်သန့်စင်ပေးနိုင်ပါသည်။

(က) ဘရပ်ချ်ပြားကိုမသန့်စင်မီ ဖယ်ရှားရမည်။

(ခ) ဘရပ်ချ်တွင်ကျန်ခဲ့နိုင်မည့်ဆံပင်အစအနများကို လုံးဝဖယ်ရှားပစ်ရမည်။ ၎င်းတို့ကိုရေဖြင့်ဆေးကြောနိုင်ပါသည်။ သို့သော် လေပေါက်အတွင်းရေဝင်ခြင်းကို ရှောင်ကျဉ်ရမည်။

(ဂ) လေပေါက်အတွင်း ရေဝင်သွားပါက လေပေါက်ကိုအောက်ဘက်သို့ မှောက်ထားပြီး ရေများကိုထုတ်ပေးရမည်။ သဘာဝအတိုင်း အခြောက်ခံထားပြီး စိုစွတ်သော နေရာတွင် မသိမ်းဆည်းရပါ။





(ဃ) အိုင်းရှင်းကို အရက်ပြန်၊ အရက်၊ တင်နာတို့ဖြင့် မဆေးကြောပါနှင့်။ သို့မဟုတ်ပါက စက်ကို ပျက်စီးစေနိုင်သလို အရောင်လွင့်စေနိုင်ပါသည်။ သဘာဝအတိုင်းသန့်စင်ပေးပါ။

> **သတိပေးချက်**
> လုံးဝခြောက်သွေ့ခြင်းမရှိဘဲ ဘီးကိုကိုယ်ထည်ပေါ်တွင်တပ်ဆင်အသုံးမပြုရပါ။
> သို့မဟုတ်ပါက လျှပ်စစ်စီးကြောင်း သို့မဟုတ် အပူကြောင့် လူကိုထိခိုက်စေနိုင်ပါသည်။


အိုင်းရှင်းမျက်နှာပြင်အား ထိန်းသိမ်းခြင်း

စက်အားသက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရန်
အိုင်းရှင်းမျက်နှာပြင်အား ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ပေးပါ။
(တစ်လလျှင် တစ်ကြိမ်)




၁။ သန့်ရှင်းရေးမလုပ်မီ ဘက်ထရီနှင့်ဘီးကို ဖြုတ်ထားကြောင်းစစ်ဆေးရမည်။

၂။ အိုင်းရှင်းမျက်နှာပြင် (A) အတွင်းဘက်အပိုင်း (၁၀ မီလီမီတာခန့်)ကို ထိရောက်စွာသန့်စင်နိုင်ရန် ဈေးကွက်အတွင်းရှိဝါဂွမ်းများကို အသုံးပြုပြီး ၅ ကြိမ်တိုင်သန့်စင်ပေးရမည်။




- ကလေးများအတွက် သင့်လျော်သည့်ဝါဂွမ်းများကို အသုံးပြုရန် အကြံပြုအပ်ပါသည်။

# ခွဲခြားဖော်ပြပေးခြင်း

| | |
|---|---|
| မော်ဒယ်နံပါတ် | EH-HE10 |
| ပါဝါအရင်းအမြစ် | LR-03 (AAA Alkaline ဘက်ထရီ) ၁ လုံး<br>(သီးသန့်ရောင်းပါသည်) |

ဤကိရိယာသည် အိမ်တွင်းအသုံးပြုမှုအတွက်သာ ဖြစ်ပါသည်။